# အခန်း ၁

# နိုင်ငံတကာ လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခြင်း

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း**

**အခန်း ၁ – နိုင်ငံတကာ လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခြင်း**

**စာမျက်နှာ ၁၀ - ၁၅**

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# သင်တန်းချိန်၏ ရည်ရွယ်ချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်း International Protocol မှာ အဘယ်နည်းနှင့် ၎င်းတို့အား အသုံးပြုပုံကို ရှင်းပြရန်။

လုပ်ထုံးလုပ်နည်း Protocol ၏ ရည်ရွယ်ချက်နှင့် အရေးပါပုံကို လက်တွေ့ကျသော နည်းနာ တစ်ရပ် အဖြစ် အသိအမှတ်ပြုရန်။

သင်ခန်းစာ အခန်းအားလုံးတွင် အသုံးချမည့်အသုံးအနှုန်းများနှင့် သဘောတရားများအား ဖွင့်ဆိုနိုင်ရန်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# အထွေထွေ ခြုံငုံလေ့လာချက်

- လိင်အခြေပြု အကြမ်းဖက်မှု ဟူသည်မှာ သင်ကိုယ်တိုင် ကျူးလွန်ခံရသူ ဖြစ်ပါက အလွန် ခက်ခဲခြင်း သို့မဟုတ် စိတ်ခံစားမှုရှိသည့် ခေါင်းစဉ် တစ်ရပ် ဖြစ်သလို သို့မဟုတ် ဖြစ်လာနိုင်ပါသည်။ - ထို့ကြောင့် ဤသင်တန်းတွင် ၎င်းကိစ္စရပ်အား ဂရုစိုက်မှု အမြင့်မားဆုံး ပုံစံဖြင့် ဆွေးနွေးဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။
- ဤသင်တန်းသည် ဘေးကင်းစွာ ဆွေးနွေးနိုင်သော သင်တန်း နေရာ တစ်ခု ဖြစ်ပါသည်။ ၎င်းကို ကျွန်ုပ်တို့ စကားပြောစဉ်နှင့် ကျွန်ုပ်တို့ လူအများအား ပြောပုံ စသည့် သင်တန်း ကာလ တစ်လျှောက် သတိပြုရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ အချိန်တစ်ခု၌ သင်တန်း အကြောင်းအရာ သို့မဟုတ် ဆွေးနွေးသည့် ပုံစံနှင့် ဆက်စပ်၍ သောက်တောင့်သက်သာ မဖြစ်ဟု ခံစားပါက သင့်အနေဖြင့် သင်တန်းခန်း အတွင်း သို့မဟုတ် နှစ်ကိုယ်တည်း ထုတ်ဖော်ပြောနိုင်ပါသည်။ လိုအပ်လျှင် သင့်အနေနှင့် အခန်းမှ ထွက်သွားနိုင်ပါသည်။ (သို့သော် ကျွန်ုပ် သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များအား အသိပေးသွားပါ၊ ထိုမှသာလျှင် ကျွန်ုပ်တို့ဘက်က ဆွေးနွေးနိုင် သို့မဟုတ် ပံ့ပိုးပေးနိုင်ပါလိမ့်မည်။)
- ဤသင်တန်းသည် အခင်းအကျင်းနှင့် အခြား လူအစုလိုက် အပြုံလိုက် ကျူးလွန်ခံရသည့် အခြား အခြေအနေများတွင် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရမှု အပေါ် အထူးပြုထားပါသည်။



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# သင်တန်း စည်းကမ်း

သင်တန်း တက်ရောက်သူများနှင့် ပံ့ပိုးပေးသူများက လိုက်နာရမည့် စည်းကမ်း အချက်များမှာ

1. အချိန်တိကျရန်
2. သင်တန်း ပို့ချချိန် အားလုံးအား မပျက်မကွက် ပါဝင်ရန်
3. မိုဘိုင်းဖုန်းနှင့် အခြား စက်ပစ္စည်း အသုံးချမှု သတိပြုရန်
4. လေးစားသမှု ရှိရန် - လူတစ်ဦးစီ အလှည့်ကျ ပြောဆိုပါ။
5. မေးခွန်းများ
6. လူကြိုက်မများသည့် အမြင်ရှုထောင့် - အခြားသူများလည်း လေ့လာခွင့် ရရှိစေရန် အလို့ငှာ လွတ်လပ်စွာ ဆွေးနွေးနိုင်သည်။
7. ပုဂ္ဂိုလ်တစ်ဦးချင်း၏ အမှုတွဲများအား ကိုးကားမှု - ကျူးလွန်ခံရသူ၊ ၎င်း၏ မိသားစုဝင် ဆိုင်ရာ အမှတ်သညာတအား လျှို့ဝှက်ထိမ်ချန်ရန် အမြဲ သတိပြုပါ။
8. အစရှိသည် ---


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈

# နိုင်ငံတကာ လုပ်ထုံးလုပ်နည်း ဟူသည်မှာ အဘယ်နည်း။

- ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော လိင်အကြမ်းဖက်မှု (CARSV) ကို စစ်တမ်း ကောက်ရေး သို့မဟုတ် စုံစမ်းစစ်ဆေးရေး အတွက် လက်တွေ့ဆန်သော အကောင်းဆုံး လမ်းညွှန်ချက်များ
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝတ်မှုများ သို့မဟုတ် ချိုးဖောက်မှုများ အတွက် ပိုမို တာဝန်ခံနိုင်စေရန် အတွက် လက်တွေ့ကျသော လမ်းညွှန်ချက် အဖြစ် ရည်ရွယ်ပါသည်။
- လုပ်ထုံးလုပ်နည်း အလေ့အထသည် ဥပဒေရေးရာ အာဏာတည်သော စာတမ်း မဟုတ်သလို နိုင်ငံများကိုလည်း နှောင်စည်းထားခြင်း မရှိပေ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# နိုင်ငံတကာ လုပ်ထုံးလုပ်နည်း ဟူသည်မှာ အဘယ်နည်း။

- အပိုင်း ၁ နှင့် ၂ (အခန်း ၁-၂) သည် လုပ်ထုံးလုပ်နည်း Protocol အား အသုံးပြုပုံကို ရှင်းပြထားပြီး ARSV ခြုံငုံသုံးသပ်ချက်နှင့် ကျူးလွန်ခံရသူများ အပေါ် ၎င်း၏ အကျိုးသက်ရောက်မှုများကို ဖော်ပြထားပါသည်။
- အပိုင်း ၃ (အခန်း ၃-၆) သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား တာဝန်ခံမှု လမ်းကြောင်း အပေါ် ခြုံငုံသုံးသပ်မှုနှင့် ပြန်လည်ကုစား ပေးလျော်ခြင်း ဆိုင်ရာ အခြေခံမှုများ အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေပါ ရာဇဝတ်မှု သို့မဟုတ် ချိုးဖောက်မှု အဖြစ် ဆွေးနွေး တင်ပြထားပါသည်။
- အပိုင်း ၄ နှင့် ၅ (အခန်း ၇-၁၃) တွင် အဓိက သဘောတရားများနှင့် လက်တွေ့ကျသော မှတ်တမ်း ပြုစုသည့် ကျွမ်းကျင်မှုများ သာမက “Do No Harm”၊ အစီအစဉ် ရေးဆွဲခြင်း၊ ဘေးအန္တရာယ် လျှော့ချရေး၊ တွေ့ဆုံမေးမြန်းခြင်းနှင့် မတူကွဲပြားသော သက်သေ အမျိုးအစားများကို ကိုင်တွယ်ခြင်းတို့ကို ထည့်သွင်းဆွေးနွေးထားပါသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# နိုင်ငံတကာ လုပ်ထုံးလုပ်နည်း ဟူသည်မှာ အဘယ်နည်း။

- အပိုင်း ၆ (အခန်း ၁၄) တွင် အထောက်အထားများ ခိုင်မာအားကောင်းစေရန်နှင့် ပုံစံတူ အခင်းအကျင်း patterns များအား သတ်မှတ်ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသည့် နည်းလမ်းများကို အကြံပြုထားပါသည်။
- အပိုင်း ၇ (အခန်း ၁၅-၁၇) သည် စိတ်ဒဏ်ရာ၊ အမျိုးသားများ အပေါ် လိင် အကြမ်းဖက်မှု ကျူးလွန်ခြင်းနှင့် ကလေးသူငယ်များအား ကျူးလွန်ခံရသူ၊ မျက်မြင် သက်သေ အဖြစ် ထည့်သွင်းဆွေးနွေးသည့် ခြုံငုံပါဝင်သော ခေါင်းစဉ် အကြောင်းအရာများ cross-cutting ကို ဖော်ပြပါသည်။
- အပိုင်း ၈ (အခန်း ၁၈) သည် CARSV ဆိုင်ရာ သတင်းအချက်အလက်များအား အစီရင်ခံခြင်း၊ တင်သွင်းခြင်း သို့မဟုတ် အသုံးချခြင်း ပြုသည့် အချိန်တွင် အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ပြပါသည်။
- နောက်ဆက်တွဲများတွင် လက်တွေ့ကျသော အသုံးချနည်းလမ်းများ၊ ပုံစံများနှင့် စစ်ဆေးရန် စာရင်းများ ပါရှိသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# လုပ်ထုံးလုပ်နည်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

လက်တွေ့ကျ

- ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများ သာမက
- အရပ်ဘက် တောင်းဆိုမှုများ၊ လူ့အခွင့်အရေး ဆိုင်ရာ တရားစွဲဆိုမှု၊ ပြန်လည်ကုစားပေးလျော်ခြင်း
- ပဋိပက္ခလွန် တရားမျှတရေး ယန္တရား
- အရေးဆိုမှု၊ အမြင်ဖွင့်မှု၊ လူထု စည်းရုံး လှုပ်ရှားမှု

- လိင် အကြမ်းဖက်မှု အပေါ် ပိုမို စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းပြုစုခြင်း
- စုဆောင်းထားသော အထောက်အထား/ သတင်း အချက်အလက် အဆင့်အတန်း ပိုမို မြင့်မားခြင်း
- နိုင်ငံတကာဥပဒေဆိုင်ရာ လိုအပ်ချက်များကို ကောင်းစွာ နားလည်ခြင်း

- သက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု/ မှတ်တမ်း ပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်မှု
- အစီအစဉ် ရေးဆွဲခြင်းနှင့် နည်းစနစ်များ methodology
- လုံခြုံပြီး ထိရောက်သော အင်တာဗျူး စွမ်းရည်
- အထောက်အထား/ အချက်အလက် စီမံခန့်ခွဲမှု

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ရင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။

- ပြစ်မှုကျူးလွန်သူများ ပြစ်ဒဏ် ကျခံရခြင်း မရှိဘဲ ကင်းလွတ်နေခြင်းမှ တားဆီးကာကွယ်ရန်။ ထိုသို့ ဆောင်ရွက်ရန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဦးစားပေး သတ်မှတ်ခြင်း၊ နားလည်ရန် ကြိုးစားခြင်းနှင့် ကောင်းစွာ မှတ်တမ်းတင်ခြင်းများ ပြုရန် လိုအပ်ပြီး အခြေအနေ အများစုတွင် ရင်းကိုစွရပ်အား လစ်လျူရှုခြင်း သို့မဟုတ် မေ့လျော့ခြင်းများ ရှိတတ်ပါသည်။
- ကျင့်သုံးသူများသည် CARSV ကို ဘေးကင်းစွာဖြင့် ထိရောက်စွာ မှတ်တမ်းတင်ကြောင်း သေချာစေရန်။
- ရှင်သန်ကျန်ရစ်သူများ အတွက် ပိုမို ကောင်းမွန်သော တုံ့ပြန်ကူညီမှု ရရှိစေမည့် စံချိန်စံနှုန်းများ မြှင့်တင်ပေးရန်နှင့် ပို၍ အားကောင်းသော သတင်း အချက်အလက်များ/ သက်သေ အထောက်အထားများ ရရှိစေရန်။
- တာဝန်ခံမှု မြှင့်တင်ရန်၊ ကျူးလွန်ခံရသူများ အတွက် တရားရေး ဆိုင်ရာ လက်လှမ်းမှီရေးနှင့် ထိရောက်သော စည်းရုံးလှုံ့ဆော်မှုတို့ကို မြှင့်တင်ရန်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# လုပ်ထုံးလုပ်နည်း အလေ့အထကို မည်သူတို့အသုံးပြုနိုင်သနည်း။

## တာဝန်ခံမှု ရည်ရွယ်ချက်များ အတွက် လိင်အကြမ်းဖက်မှုအား မှတ်တမ်းတင်နေသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ

- အန်ဂျီအိုများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ
- နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ
- တရားစီရင်ရေး အရာရှိများ
- လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့
- အရေးဆို လှုပ်ရှားရေး နှင့် ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးသည့် အဖွဲ့
- အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အဖွဲ့
- သတင်း မီဒီယာသမားများနှင့် သတင်းထောက်များ
- လူသားချင်း စာနာမှု အဖွဲ့အစည်းများ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# လုပ်ထုံးလုပ်နည်း အလေ့အထအား မည်သို့ အသုံးပြုမည်နည်း။

အခြေခံကျသော **မှတ်တမ်းပြုစုရေး ကျွမ်းကျင်မှုများ** အတွက် အခြေခံကျသောလမ်းညွှန် တစ်ရပ် အနေဖြင့်

**အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ** ဆိုင်ရာ ဥပဒေ အကြောင်းအရာများအား ပိုမို နားလည်ရန် ဆောင်ရွက်ခြင်း

မှတ်တမ်းပြုစုခြင်း ဆိုင်ရာ **စံချိန်စံနှုန်းများ**၏ **အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ**အား ခြုံငုံသုံးသပ်သည့် အနေဖြင့်

CARSV ၏ **သက်ရောက်မှုများနှင့် စိန်ခေါ်မှုများ**ကို အလေးပေး ဖော်ပြရန်

ကျူးလွန်ခံရသူများ/ မျက်မြင်သက်သေများ အတွက် သင့်လျော်သော **တုံ့ပြန်ကူညီမှုများ ပေးနိုင်ရန်** အတွက် လမ်းညွှန် တစ်ရပ် အနေဖြင့်

**တာဝန်ခံမှုရှိရေး အားပေးမြှင့်တင်နိုင်ရန်** ပို၍ အားကောင်းသော သက်သေ အထောက်အထားများ စုစည်းခြင်း။

အရေးဆို တိုက်တွန်းရေး ရည်ရွယ်ချက်များ အတွက် **ဥပဒေရေးရာ အားနည်းချက်များကို ဆန်းစစ် အကဲဖြတ်သည့် နည်းနာ** တစ်ရပ် အဖြစ်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# လုပ်ထုံးလုပ်နည်း၏ ကန့်သတ်ချက်များ

- CARSV အား တုံ့ပြန်ဆောင်ရွက်ရာတွင် အားကောင်းသော ကဏ္ဍပေါင်းစုံ ချဉ်းကပ်နည်း တစ်ရပ်နှင့် ကူညီဝန်ဆောင်မှု ပေးသည့် အဖွဲ့များ အကြား ညှိနှိုင်းပေါင်းစပ်မှု တစ်ရပ် လိုအပ်ပါသည်။
- လုပ်ထုံးလုပ်နည်း အလေ့အထသည် စည်းမျဉ်းစာအုပ် မဟုတ်သလို စုံစမ်း စစ်ဆေးရေး/ မှတ်တမ်း ပြုစုရေး အတွက် အားလုံးခြုံငုံသည့် စံချိန်စံနှုန်းများ အဖြစ်လည်း သတ်မှတ်၍ မရပေ။
- တရားစီရင်ပိုင်ခွင့် တစ်ခုစီတွင် ၎င်း၏ တမူထူးခြားသော ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ယဉ်ကျေးမှု ဆိုင်ရာ စိန်ခေါ်မှုများနှင့် လုပ်ထုံးလုပ်နည်း/ သက်သေအထောက်အထား လိုအပ်ချက်များ ရှိပါလိမ့်မည်။

**လုပ်ထုံးလုပ်နည်းတွင် ဖော်ပြထားသော အခြေခံမှုများသည် သင့် ဒေသအခင်းအကျင်း၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် မဖြစ်မနေ ဆောင်ရွက်ရမည်။**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ဝေါဟာရများ

## လိင် အကြမ်းဖက်မှုနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု

- ကွာခြားချက်အား အခန်း ၂ - **လိင် အကြမ်းဖက်မှုကို နားလည်ခြင်း**တွင် အသေးစိတ် ရှင်းလင်း ဖော်ပြသည်။
- စုံစမ်းစစ်ဆေးရေး/ မှတ်တမ်းပြုစုခြင်း ဆိုင်ရာ တူညီသော အခြေခံမှုများသည် **၎င်းအခြေအနေ ၂ ရပ် စလုံးတွင် သက်ရောက်မှု ရှိသည်။**

## လက်နက်ကိုင် ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ် ဆိုင်ရာ လိင် အကြမ်းဖက်မှုများ

- လက်နက်ကိုင် ပဋိပက္ခ၏ တစ်စိတ်တစ်ပိုင်း အဖြစ် သို့မဟုတ် ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် **စစ်ဖြစ်သည့် ကာလ မဟုတ်လျှင်ပင်** ဖြစ်ပွားနိုင်သည်။
- ၎င်းအား စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှု၊ လူမျိုးသုဉ်း သတ်ဖြတ်မှု သို့မဟုတ် **နိုင်ငံတကာ ဥပဒေအား ချိုးဖောက်သည့် အခြား ပြစ်မှု** အဖြစ် သတ်မှတ်နိုင်ပါသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ဝေါဟာရများ

## စုံစမ်းစစ်ဆေးရေး/ မှတ်တမ်းပြုစုရေး

- စုံစမ်းစစ်ဆေးရေးတွင် **တာဝန်ယူမှု** ဆိုင်ရာ တွေ့ရှိချက်များ ရရှိရန် အချက်အလက်များနှင့် အထောက်အထားများကို ရှာဖွေခြင်းတို့ ပါဝင်သည်။
- မှတ်တမ်းပြုစုရေး ဟူသည်မှာ **အဖြစ်အပျက်များ**ကို ဖော်ပြရန် သက်ဆိုင်ပြီး ယုံကြည် စိတ်ချရသော အချက်အလက်များကို စုစည်းထားခြင်း ဖြစ်သည်။
- လုပ်ထုံးလုပ်နည်းသည် တစ်ဦးချင်းစီ၏ အခန်းကဏ္ဍ မည်သို့ပင် ရှိစေကာမူ လူတိုင်း ပါဝင်နိုင်ရေး အတွက် “**မှတ်တမ်းပြုစုခြင်း**”ကို အသုံးပြုပြီး တရားရေး အရာရှိများ၏ ဆောင်ရွက်ချက်များ အတွက် “**တရားဝင် စုံစမ်းစစ်ဆေးခြင်း**”ကို အသုံးပြုပါသည်

## ရှင်သန်ကျန်ရစ်သူများ/ ကျူးလွန်ခံရသူများ

- လိင်အကြမ်းဖက်မှု ဒဏ်ခံခဲ့ရသူ အများအပြားသည် ၎င်းတို့ကိုယ်ကို **ကျူးလွန်ခံရသူများ အဖြစ် မခံယူဘဲ ရှင်သန်ကျန်ရစ်သူများ** အဖြစ် ရှုမြင်သည်။
- ရှင်သန်ကျန်ရစ်သူများသည် ဥပဒေ လမ်းကြောင်း အရ **ကျူးလွန်ခံရသူများ သာမက မျက်မြင် သက်သေများလည်း** ဖြစ်နိုင်သည်။
- လုပ်ထုံးလုပ်နည်းတွင် “ကျူးလွန်ခံရသူများ”ကို အဓိက ရည်ညွှန်းပါသည်။ ၎င်းဝေါဟာရသည် တိုက်ရိုက် ကျူးလွန်ခံရသူ၏ **မိသားစု/ ရပ်ရွာလူထု အသိုက်အဝန်း**နှင့် လိင်အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်ခြင်း မရှိသူများလည်း ပါဝင်ပါသည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*